# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံခင်းကျင်းထားရှိမှုနှင့် လျှာထားမဲရုံနေရာများအား လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၁၅**

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးတိုင်းဒေသကြီးအတွင်း အပိုင်း(၁)၌ ပါဝင်သည့် အောင်မြေသာစံမြို့နယ်အတွင်း မဲရုံခင်းကျင်းမှုနှင့် လျှာထားမဲရုံနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သို့ ရောက်ရှိပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် ဆက်စပ်ပစ္စည်းများထားရှိမှုနှင့် သက်ဆိုင်ရာ မဲရုံများအတွက် စနစ်တကျဖြန့်ဝေထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများလုံခြုံစိတ်ချပြီး ပျက်စီးမှုများမရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို အထူးဂရုစိုက်ကြပ်မတ်ထိန်းသိမ်းသွားရေး မှာကြားပြီးနောက် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရှိ ရုံးခန်းဖွဲ့စည်းမှုများအလိုက် အခန်းများ ပြန်လည်ပြုပြင်မွမ်းမံနေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအမြန်ဆုံးပြီးစီးရန် အလေးထားဆောင်ရွက်သွားကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း အေးသီတာခန်းမ၌ မဲရုံခင်းကျင်းမှုများကိုလည်းကောင်း၊ ၎င်းနောက် အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၅)အခြေခံပညာအလယ်တန်းကျောင်း၊ စိန်တုံးမမွှာရုံနှင့် အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း လျှာထားမဲရုံနေရာများသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မန္တလေးငလျင်ကြီးကြောင့် နန်းမြို့ရိုး၊ ပြအိုး၊ ပြာသာဒ်နှင့် သုရဲခိုများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှု လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







# ရွှေကြာအင်းကျေးရွာ၌ သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ကျေးလက်နေ တောင်သူများသည် မြေအောက်ရေနှင့် ကင်းတားဆည်ရေကိုအသုံးပြုကာ မိသားစုတစ်နိုင်တစ်ပိုင် သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။



မြစ်သားမြို့နယ်တွင် အဓိကစိုက်ပျိုးကြသော သီးနှံများမှာ စပါး၊ နှမ်း၊ ပဲအမျိုးမျိုး၊ ဖူးစားပြောင်း၊ နေကြာ၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်၊ခရမ်းသီးစသည့် ကာလတိုသီးနှံ အမျိုးမျိုးတို့အပြင် နှစ်ရှည်သီးနှံများဖြစ်သည့် မာလကာ၊ သင်္ဘော၊ ငှက်ပျော၊ နဂါးမောက်စသည့် သီးနှံများကိုလည်း စိုက်ပျိုးကြသည်။

သင်္ဘောကို မိုးဦးကာလဖြစ်သည့် ဧပြီလတွင် နွားချေး၊ မြေဆွေး၊နုန်းမြေ၊ သဲတို့ဖြင့် ရောစပ်ပြီး ငါးလက်မ၊ ကိုးလက်မအိတ်များထဲသို့ထည့်သွင်းပြီး တစ်အိတ်တစ်စေ့နှုန်းဖြင့် စတင်ပျိုးထောင်ကာတစ်လသားအရွယ်တွင် ရွှေ့ပြောင်းစိုက်ပျိုးကြသည်။

ပြောင်းရွှေ့မစိုက်ပျိုးမီ သင်္ဘောစိုက်ပျိုးမည့် ယာကွက်ကို ကြိုတင်ထွန်ယက်ပြီး သင်္ဘောပင်များ အပင်သေပျောက်မှု မရှိစေရန်အတွက် ပျိုးထောင်ပြီး သန်မာသည့် ပျိုးပင်များကို ရွေးချယ်ကာ နေရောင်ခြည်ကောင်းစွာရရှိစေရန်နှင့် လေအဝင်၊ အထွက်ကောင်းမွန်စေရန် စိုက်ပျိုးမည့် တစ်ပင်နှင့်တစ်ပင် ရှစ်ပေခြားကာ အလျား၊ အနံ၊ အနက် နှစ်ပေရှိသည့် စိုက်ကျင်းများအတွင်း နွားချေး၊ နုန်းမြေ၊ မြေဆွေးတို့ကို ဆတူရောပြီး ကြိုတင်ထည့်ထားကာ စိုက်ပျိုးကြရသည်။ လိုအပ်သည့်အချိန်များတွင် ပိုးနှင်ဆေး၊ ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်းနှင့် ရာသီဥတုအခြေအနေပေါ်မူတည်၍ ရေသွင်းခြင်း၊ မြေဩဇာကျွေးခြင်းများလည်း ပြုလုပ်ပေးရသည်။ ထွက်ရှိလာသော သင်္ဘောသီးများကို ဖောက်သည်များက ခြံများအထိ လာရောက်ခူးယူပြီး မြစ်သားမြို့ဈေးများတွင် ရောင်းချကြောင်း ရွှေကြာအင်းကျေးရွာ သင်္ဘောစိုက် တောင်သူ ဦးဝင်းမြင့်ထံမှ သိရသည်။

**(အောက်ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**

# ရတနာပုံတက္ကသိုလ်၌ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၁၅**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းနေပျော်သည့် ပတ်ဝန်းကျင်ကောင်း ဖြစ်ပေါ်စေရေးအတွက် စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ စာသင်ဇုန်များ၊ ဌာနဆိုင်ရာဝန်းကျင်များနှင့် တက္ကသိုလ်ပရဝဏ်အတွင်း ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များက စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးပြုလုပ်နေသည့်အဖွဲ့များကို နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်းနှင့် တက္ကသိုလ်သန့်ရှင်းသာယာလှပရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများ၊ စုစုပေါင်း အင်အား ၄၀၀ တို့က တက္ကသိုလ်ပရဝဏ်အတွင်း စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြပြီး အမှိုက်ကောက်လှုပ်ရှားမှုကို လစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၈၂)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် အဆိုပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် အဆိုပြိုင်ပွဲကို သက်ဆိုင်ရာ အားကစားကွင်းနှင့် မြို့တော်ခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျင်းပရာ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ အတွင်းရေးမှူးနှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)သို့ ရောက်ရှိပြီး အခွန်ဌာနမှ ကြီးမှူးကျင်းပသည့် ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲကိုလည်းကောင်း၊ သန့်ရှင်းရေးဌာနမှ ကြီးမှူးကျင်းပသည့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကိုလည်းကောင်း၊ ဗထူးအားကစားတွင် ရေနှင့်သန့်ရှင်းမှုဌာနမှ ကြီးမှူးကျင်းပသည့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့လည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ကြီးမှူးကျင်းပသည့် အဆိုပြိုင်ပွဲသို့လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲအား ကြည့်ရှုအားပေးစဉ်



ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲအား ကြည့်ရှုအားပေးစဉ်



အဆိုပြိုင်ပွဲအား ကြည့်ရှုအားပေးစဉ်



ဘော်လီဘောအားကစားပြိုင်ပွဲအား ကြည့်ရှုအားပေးစဉ်

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် လူငယ်အသိပညာပေးပြပွဲ ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ ဒီဇင်ဘာ ၁၅**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု၊ သလဲဦးအလယ်မြောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊လွတ်လပ်ရေးနေ့ဦးတည်ချက်များ၊ လွတ်လပ်ရေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှုနိုင်မြှင့်တင်ရေးအကြောင်းအရာများကိုလည်းကောင်း၊ ခတ်ပုံကျွမ်းကျင်-၂ ဦးစိုင်းသက်နိုင်က လွတ်လပ်ရေးနှင့် လူငယ်များ၏ သမိုင်းပေးတာဝန်အကြောင်းအရာကိုလည်းကောင်း အသီးသီး အသိပညာပေးဟောပြောခဲ့သည်။ **(အောက်ပုံ)**

ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများသည် ခင်းကျင်းပြသထားသည့် လူငယ်ဆိုင်ရာအသိပညာပေးပြပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်သော တံတားလုပ်ငန်းအား ကွင်းဆင်းကြည့်ရှု

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်သော တံတားလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုခဲ့သည်။**(အောက်ပုံ)**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦး၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနမှ အင်ဂျင်နီယာများ၊ မြို့နယ်ကျေးလက်လမ်းတာဝန်ရှိသူ အင်ဂျင်နီယာများနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၇၀၀,၀၀၀ သန်းဖြင့် တံတားတည်ဆောက်ရေးအဖွဲ့မှ ဆောင်ရွက်သော တောင်တွင်း-မကွေးကားလမ်းမှ မြင်းစုလမ်းပေါ်ရှိ Submersible Bridge ပေ ၄၀၀ တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းခွင်အား ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိသနီးမြေ)**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆည့်မထဆန် တန်ချိန်(၇၅၀၀) တင်ပို့မည်

ပုသိမ်စက်မှုဇုန်စီမံကိန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G စနစ်ဖြင့် ဆည့်မထ ၅ မှတ်ဆန် တန်ချိန် ၇၅၀၀ တင်ပို့နိုင်ရန်အတွက် ကြိတ်ခွဲထုတ်လုပ်နေကြောင်း သိရသည်။

ကြိတ်ခွဲထုတ်လုပ်မှုများကို ၄၀၀ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်အသုံးပြုပြီး ဆန်များအရည်အသွေးပြည့်မီအောင် စနစ်တကျကြိတ်ခွဲနေကြောင်း သိရသည်။

ပထမအကြိမ်အနေဖြင့် ဆန်တန်ချိန် ၂၅၀၀ ကို တင်ပို့သွားမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း တင်ပို့သည့်ဆန်များ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း တင်ဆောင်နိုင်ရေးနှင့် ပို့ကုန်တင်ပို့ရာတွင် ကုန်သွယ်မှုဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပို့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယခုနှစ်ကုန်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်ကြမ်းအုပ်စုဝင် ၅ မှတ်ဆန်ဖြူ တန်ချိန် ၅၃,၅၀၀ ကို တင်ပို့သွားမည်ဖြစ်ပြီး MRF နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြား ချုပ်ဆိုခဲ့သည့် စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရုံထဲအရောက် CIF ဈေးဆန်ဖြူတစ်တန်ကို အမေရိကန်ဒေါ်လာ ၃၇၆ ဒသမ ၅ နှင့် ရောင်းချရန် သဘောတူထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနှင့်ဆန်တင်သွင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားပြီး သဘောတူညီချက်များမှာ ၂၀၂၇ ခုနှစ်အထိ သက်တမ်းရှိကြောင်း သိရသည်။

**(အောက်ပုံ) ရွှေမန်း**



